# သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
# ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန
# ဦးစီးရုံးချုပ်နှင့် ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်တွင် လစ်လပ်လျက်ရှိသော
# အမှုထမ်းရာထူးနေရာများအတွက် လျှောက်လွှာခေါ်ယူခြင်း

၁။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ဦးစီးရုံးချုပ်နှင့် ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်တွင် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါ အမှုထမ်းရာထူးနေရာ (လစာနှုန်းကျပ် ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀) များအတွက် တက္ကသိုလ်တစ်ခုခုမှဘွဲ့ရရှိပြီး သတ်မှတ်အရည်အချင်းများနှင့် ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည်-

| စဉ် | ရာထူး | နေရာ |
|---|---|---|
| (က) | ဒုတိယလက်ထောက်ဦးစီးမှူး | (၁၀) နေရာ |
| (ခ) | အငယ်တန်းစာရေး | (၁၄) နေရာ |
| (ဂ) | စာရင်းကိုင်(၄) | (၈) နေရာ |

၂။ လျှောက်ထားသူများသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်အတွင်း နေထိုင်သူဖြစ်ရမည်။

(ဂ) (၃၁-၁-၂၀၂၂) ရက်နေ့တွင် အသက်(၂၈)နှစ် မကျော်လွန်သူ ဖြစ်ရမည်။ ဝန်ထမ်းဖြစ်ပါက အသက်(၃၀)နှစ် မကျော်လွန်သူဖြစ်ရမည်။

(ဃ) ကွန်ပျူတာကျွမ်းကျင်စွာ အသုံးပြုနိုင်သူဖြစ်ရမည်။

(င) ကျန်းမာရေးကောင်းမွန်ပြီး လုပ်ငန်းသဘာဝအရ ကိုယ်လက်အင်္ဂါပြည့်စုံသန်စွမ်းသူဖြစ်ရမည်။

(စ) ဌာနတွင် အနည်းဆုံး (၂)နှစ် တာဝန်ထမ်းဆောင်ရန် ဝန်ခံကတိပြုလက်မှတ် ရေးထိုးရမည်။

၃။ စာမေးပွဲဝင်ကြေး ကျပ် ၁၀၀၀ိ (ကျပ်တစ်ထောင်တိတိ)ကို နေပြည်တော်ရှိ မြန်မာ့စီးပွားရေးဘဏ်တွင် နေပြည်တော်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၏ ငွေစာရင်းအမှတ် (MD 014106)သို့ ပေးသွင်း ရမည် ဖြစ်ပါသည်။

၄။ ဝင်ခွင့်လျှောက်လွှာပုံစံများကို ဌာန၏ Website ဖြစ်သော www.ecd.gov.mm နှင့် ဌာန၏ Facebook Page- Ecd Dekkhina နှင့် Ecd Oattara တို့တွင် download ရယူနိုင်ပြီး

အောက်ဖော်ပြပါ စာရွက်စာတမ်း အထောက်အထားများ ပူးတွဲလျက် ညွှန်ကြားရေးမှူးရုံး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာန၊ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်သို့ လိပ်မူ၍ (၁၈-၂-၂၀၂၂) ရက် (သောကြာနေ့) ရုံးချိန်အရောက် နောက်ဆုံးထား၍ ပေးပို့လျှောက်ထားရမည်-

(က) ဝင်ကြေးပေးသွင်းသည့် ချလန်မူရင်း/ငွေလွှဲပြေစာမူရင်း

(ခ) တစ်လအတွင်း ရိုက်ကူးထားသော ၁ လက်မပတ်လည် ဓါတ်ပုံ(၃)ပုံ

( နောက်ကျောတွင် အမည်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်ရေးသားရန်)

(ဂ) နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ

(ဃ) သက်တမ်းရှိသော အလုပ်သမားမှတ်ပုံတင်မိတ္တူ

(င) ဘွဲ့လက်မှတ်မိတ္တူနှင့်အခြေခံပညာအထက်တန်းအောင်လက်မှတ်မိတ္တူ(မူရင်းအား လူတွေ့လာရောက် ဖြေဆိုသည့်အခါ ပြသနိုင်ရမည်)

(စ) နိုင်ငံ့ဝန်ထမ်းမဟုတ်သူများအတွက် (၁)လအတွင်း ရယူထားသော အကျင့်စာရိတ္တ ကောင်းမွန်ကြောင်း သက်ဆိုင်ရာရပ်ကွက်နှင့် ရဲစခန်း၏ ထောက်ခံချက်မူရင်း

(ဆ) သက်ဆိုင်ရာပြည်သူ့ဆေးရုံများတွင် (၁)လအတွင်း ကျန်းမာရေးကောင်းမွန်ကြောင်း စစ်ဆေးထားသည့် ဆေးစစ်ထောက်ခံချက်မူရင်း

(ဇ) အိမ်ထောင်စုလူဦးရေ စာရင်းပုံစံ (၆၆/၆) မိတ္တူ

(ဈ) ဝန်ထမ်းဖြစ်ပါက လျှောက်လွှာမိတ္တူတစ်စုံကို ကြိုတင်လျှောက်လွှာအနေဖြင့် သတ်မှတ်ရက်အမီ ပေးပို့လျှောက်ထားရန်ဖြစ်ပြီး မူရင်းလျှောက်လွှာကို သက်ဆိုင်ရာ ဝန်ကြီးဌာနမှတစ်ဆင့် ပေးပို့လျှောက်ထားရမည်။ ဝန်ကြီးဌာနမှ အချိန်မီပေးပို့ နိုင်ခြင်းမရှိသော လျှောက်လွှာများကို လက်ခံစဉ်းစားပေးမည် မဟုတ်ပါ။

၅။ သတ်မှတ်ရက်ထက် ကျော်လွန်ရောက်ရှိလာသော လျှောက်လွှာများ၊ အရည်အချင်း သတ်မှတ်ချက်နှင့် မကိုက်ညီသူများ၊ ပူးတွဲတင်ပြရမည့် စာရွက်စာတမ်း အထောက်အထား မပြည့်စုံသူများကိုလုံးဝ (လုံးဝ) ထည့်သွင်းလက်ခံ စဉ်းစားပေးမည် မဟုတ်ပါ။

၆။ ဖြေဆိုခွင့်ရရှိသူ အမည်စာရင်းနှင့် ခုံအမှတ်တို့ကို ၂၃-၂-၂၀၂၂ ရက်နေ့တွင် ဌာန၏ Website ဖြစ်သော www.ecd.gov.mm ၊ဌာန၏ Facebook Page Ecd Dekkhina, Ecd Oattara နှင့် ညွှန်ကြားရေးမှူးရုံး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော် တို့တွင် ကြေညာပေးထားမည်ဖြစ်ပြီး ဖြေဆိုခွင့်ကတ်ပြားများကို ၂၅-၂-၂၀၂၂ ရက် (သောကြာနေ့) တွင် ညွှန်ကြားရေးမှူးရုံး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ မန္တလေးလမ်း၊ ဥတ္တရသီရိ

မြို့ပတ်လမ်းထောင့်၊ ပတ္တာရဲစခန်းနှင့် ပတ္တာမီးသတ်ဘေး၊ တိုင်းရင်းဆေးရုံကြီးအနီး၊ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်သို့ ရုံးချိန်အတွင်း လာရောက်ထုတ်ယူရမည်ဖြစ်ပါသည်။

၇။ လျှောက်ထားသူများသည် မြန်မာစာ၊ အထွေထွေဗဟုသုတ ဘာသာရပ်မေးခွန်းနှင့်အင်္ဂလိပ်စာ ဘာသာရပ်မေးခွန်းတို့အား (၂၇-၂-၂၀၂၂) ရက်(တနင်္ဂနွေနေ့) နံနက်(၀၉:၀၀)နာရီမှ နေ့လယ် (၁၂:၀၀)နာရီအထိ ရေးဖြေစာမေးပွဲစစ်ဆေးမည်ဖြစ်ပြီး ရေးဖြေစာမေးပွဲအောင်မြင်သူများကိုသာ လူတွေ့ နှုတ်ဖြေစာမေးပွဲနှင့် ကွန်ပျူတာ ကျွမ်းကျင်မှုစစ်ဆေးခြင်းများ ပြုလုပ်မည်ဖြစ်ပါသည်။

၈။ အသေးစိတ်သိရှိလိုပါက ညွှန်ကြားရေးမှူးရုံး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော် ၏ ၀၆၇-၃၄၃၃၅၈၉၊၀၆၇-၃၄၃၃၂၇၈ တယ်လီဖုန်း အမှတ် များထံသို့ ဆက်သွယ်စုံစမ်းနိုင် ပါသည်။

ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန
ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်

## သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
## ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်မှ
## ခေါ်ယူသောရာထူးများအတွက်
## လျှောက်လွှာပုံစံ

ခုံအမှတ် ------------------------------------------

သို့

ဓါတ်ပုံ

ညွှန်ကြားရေးမှူးရုံး
ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန
ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်

ရက်စွဲ၊ ၂၀၂၂ ခုနှစ်၊ လ ရက်

၁။ လျှောက်ထားသည့်-

(က) ဌာန ------------------------------------------

(ခ) ရာထူးအမည် ------------------------------------------

၂။ လျှောက်ထားသူ-

(က) အမည် ------------------------------------------

(ခ) နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ------------------------------------------

(ဂ) မွေးသက္ကရာဇ်(ရက်၊ လ၊ နှစ်)/အသက် ------------------------------------------

(ဃ) လူမျိုးနှင့်ကိုးကွယ်သည့်ဘာသာ ------------------------------------------

(င) ပညာအရည်အချင်းနှင့်အောင်မြင်သည့်ခုနှစ် ------------------------------------------

------------------------------------------

(စ) မိဘအမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ အလုပ်အကိုင်

(၁)ဖခင်အမည် ------------------------------------------

(၂) နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ------------------------------------------

(၃)အလုပ်အကိုင် ------------------------------------------

(၄)မိခင်အမည် ----------------------------------------------------------------

(၅) နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ------------------------------------------

(၆)အလုပ်အကိုင် -------------------------------------------------------------

(ဆ) လက်ရှိအလုပ်အကိုင် (နိုင်ငံ့ဝန်ထမ်းများအတွက်)

(၁) ဌာန ---------------------------------------------------------------------

(၂) ရာထူး -------------------------------------------------------------------

(၃) လစာနှုန်း ----------------------------------------------------------------

(ဇ) ဝန်ထမ်းမဟုတ်လျှင် အလုပ်သမားမှတ်ပုံတင်အမှတ် ------------------------------

(ဈ) ဆက်သွယ်ရန်နေရပ်လိပ်စာနှင့် တယ်လီဖုန်းနံပါတ် ---------------------------

---------------------------------------------------------------------------

(ည) အမြဲတမ်းနေရပ်လိပ်စာ(အပြည့်အစုံ) --------------------------------------

---------------------------------------------------------------------------

---------------------------------------------------------------------------

၃။ လျှောက်လွှာနှင့်အတူ အောက်ပါစာရွက်စာတမ်းများ ပူးတွဲပေးပို့ပါသည်-

(က) တစ်လအတွင်း ရိုက်ကူးထားသော ၁ လက်မပတ်လည် ဓါတ်ပုံ(၂)ပုံ

(ခ) နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ

(ဂ) အလုပ်သမားမှတ်ပုံတင်မိတ္တူ

(ဃ) ဘွဲ့လက်မှတ်မိတ္တူနှင့်အခြေခံပညာအထက်တန်းအောင်လက်မှတ်မိတ္တူ

(င) အကျင့်စာရိတ္တကောင်းမွန်ကြောင်းရပ်ကွက်နှင့် ရဲစခန်း၏ ထောက်ခံချက်မူရင်း

(စ) ကျန်းမာကြောင်း ဆေးစစ်ထောက်ခံချက်မူရင်း

(ဆ) အိမ်ထောင်စုလူဦးရေ စာရင်းပုံစံ (၆၆/၆) မိတ္တူ

(ဇ) နိုင်ငံ့ဝန်ထမ်းဖြစ်လျှင် သက်ဆိုင်ရာဝန်ကြီးဌာန၏ ခွင့်ပြုစာမူရင်း

၄။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနတွင် ဒုတိယလက်ထောက်ဦးစီးမှူး/အငယ်တန်းစာရေး/စာရင်းကိုင်(၄)ရာထူးဖြင့် ခန့်အပ်ခြင်းခံရပါက ဌာနတွင် နေရာဒေသမရွေး အနည်းဆုံး(၂)နှစ်တာဝန်ထမ်းဆောင်ပါမည်ဟု ဝန်ခံကတိပြုပါသည်။

လျှောက်ထားသူ

လက်မှတ်-----------------------------

အမည် -----------------------------

နိုင်ငံသားစိစစ်ရေးကတ်အမှတ်---------

-----------------------------------